နံ့သာကုန်းကျေးရွာ
ဆိပ်ခွန်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နံ့သာကုန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၁

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ
၅။ မွေးမြူရေး
၆။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
၈။ ပညာရေး
၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၀။ လူငယ်ဖွံ့ဖြိုးရေး
၁၁။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ
၁၂။ နံ့သာကုန်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
၁၃။ နံ့သာကုန်းကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

နံ့သာကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့၏ အနောက်ဘက်(၇)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ နံ့သာကုန်းကျေးရွာ၏ အကျယ်အဝန်းမှာ (၂၇)ဧကမျှသာ ကျယ်ဝန်းသော ရွာကလေးတစ်ရွာဖြစ်ပါသည်။ နံ့သာကုန်းကျေးရွာ၏ အရှေ့ဘက်တွင် သဖန်းဆိပ်ဆည်ကို အမှီပြု၍ စိုက်ပျိုးနိုင်သော လယ်ယာမြေများ တည်ရှိပြီး အနောက်ဘက်တွင် သီရိဓမ္မာအသောကမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်အနက်မှ တစ်ဆူပါဝင်သော အင်ကြင်းတော စေတီတော်မြတ်ကြီး တည်ရှိ၍ တောင်ဘက်တွင် ကမ္ဘာ့သာသနာပြု ဆဋ္ဌသင်္ဂီတိပုဏ္ဏက တင်တော်မူခဲ့သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မွေးဖွားရာ ဒေသဖြစ်သော ဆိပ်ခွန်ရွာ တည်ရှိ၍ မြောက်ဘက်တွင် တင့်တယ်စံပြ ကျေးရွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နံ့သာကုန်းကျေးရွာတွင် သဘာဝလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များမှာ ထန်းပင်၊ မန်ကျည်း၊ တမာပင်၊ ကုက္ကိုပင်၊ အုန်းပင်၊ ဗန္ဒာပင်၊ အဝေရာပင်များ ပေါက်ရောက်လျက် ရှိပါသည်။ မိုးရွာသီတွင် အဓိကဖြစ်သော စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ နွေရာသီတွင် စပါးအပြင် အခြားသီးနှံများဖြစ်သော နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ များကိုစိုက်ပျိုး၍ ဆောင်းရာသီတွင် ကုလားပဲ၊ ပဲချဉ်ပေါင်များကို စိုက်ပျိုးကြပါသည်။ ၎င်းသီးနှံများ စိုက်ပျိုးရာတွင် အစိုးရဆည်ရေများမှ ရယူသုံးစွဲ၍ ၎င်းမြေအောက်ရေမှလဲ ရယူသုံးစွဲစိုက်ပျိုးပါသည်။ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဆေးဘက်ဝင်သစ်ပင်များလဲရှိပါသည်။ ၎င်းတို့မှာ ဇာမဇ်ရွက်ပင်၊ ဆင်တုံးမန္ထယ်၊ တောဇီးဖြူပင်၊ တစောင်းလက်ပတ်ပင်၊ ကျောက်ကွဲရွက်ပင်၊ တောဂန့်ဂလာပင် စသည်တို့ ဖြစ်ပါသည်။ သဘာဝရှားပါးတိရိစ္ဆာန်အဖြစ် သတ်မှတ်သော ယုန်ကလေးများလဲ မွေးမြူကြပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

နံ့သာကုန်းကျေးရွာတွင် လူမှုကူညီရေးအဖွဲ့၊ လူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာလူငယ် သန့်ရှင်းရေးအဖွဲ့၊ ကျေးရွာလူငယ်ဘာသာရေး ပန်ရေလဲသင်းအဖွဲ့တို့ တည်ရှိပါသည်။ ကျေးရွာ၏ လူမှုကူညီရေးအဖွဲ့သည် ကျေးရွာတွင်းရှိ ကျန်းမာရေးနှင့် သက်ဆိုင်သော အခက်အခဲများကို ပါဝင်

ကူညီဆောင်ရွက်ပေးပါသည်။ လူငယ်ဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာအတွင်းရှိ အလှူမဂ်လာပွဲလမ်း သဘင်များကို အောင်မြင်စွာပြုလုပ်နိုင်ပါ၀င် ကူညီဆောင်ရွက်ပေးကြပါသည်။ ကျေးရွာလူငယ် သန့်ရှင်းရေးအဖွဲ့သည် ကျေးရွာ၏ လမ်းများ သန့်ရှင်းသာယာစေရန်အတွက် ရေဖျန်း၊ တံပျက်စည်းလှဲခြင်းများကို ဆောင်ရွက်ကျပါသည်။ ကျေးရွာလူငယ် ဘာသာရေးပန်းရေလဲသင်းအဖွဲ့ သည် ရွာဦးကျောင်းတွင် တည်ထားကိုးကွယ်တော်မူသော ပတ္တမြားစေတီတော် ဆီမီး၊ ပန်း၊ ရေချမ်း တို့ကို အပတ်စဉ် အဖိတ်နေ့နှင့် ဥပုတ်နေ့များတွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပါသည်။ ကျန်းမာရေးနှင့် သက်ဆိုင်သော အမှုကိစ္စများ၌ လူမှုကူညီရေးအဖွဲ့မှာ စွမ်းဆောင်မှုမှာ အားကောင်း၍ လည်းကောင်း၊ အလှူမဂ်လာပွဲများ၌ လူငယ်ဖွံ့ဖြိုးရေး အဖွဲ့မှ စွမ်းဆောင်မှု အားကောင်း၍လည်းကောင်း၊ ကျေးရွာတွင်း သန့်ရှင်းသာယာလှပစေရန်အတွက် ကျေးရွာလူငယ် အဖွဲ့မှ လုပ်ငန်းစွမ်းဆောင်မှုအားကောင်း၍ ၎င်းဘာသာရေးနှင့် သက်ဆိုင်သော ကုသိုလ်ရေး လုပ်ငန်းများအတွက် ပန်းရေလဲသင်းအဖွဲ့တို့မှ အသီးသီးစွမ်းဆောင်မှုများ ကောင်းကြပါသည်။ နံ့သာကုန်းကျေးရွာတွင် ပြင်ပမှ ကူညီသော အဖွဲ့အစည်းများလဲ ရှိပါသည်။ ၎င်းတို့မှာ စိတ္တသုခ၊ အသေးစားငွေစုငွေချေးအဖွဲ့အစည်းများလဲ ရှိပါသည်။ စိတ္တသုခအသင်းဖွဲ့သည် နံ့သာကုန်း လူမှုကူညီရေးအဖွဲ့နှင့် ချိတ်ဆက်၍ အသေးစားငွေစုငွေချေးအဖွဲ့သည် ပန်းရေလဲသင်းအဖွဲ့နှင့် ချိတ်ဆက်လျက်ရှိပါသည်။ စိတ္တသုခအဖွဲ့သည် နံ့သာကုန်း လူမှုကူညီရေးအသင်းဖွဲ့အား လိုအပ်သော ငွေကြေးအနည်းငယ်နှင့် စက်ပစ္စည်း၊ နည်းပညာအကူအညီများပေး၍ အသေးစားငွေစု ငွေချေးအသင်းဖွဲ့သည် ပန်းရေလဲသင်းအဖွဲ့၏ အမျိုးသမီးများအား ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင် ရန် လိုအပ်သော ငွေကြေးများအား ချေးယူပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

နံ့သာကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၈၀)စုရှိပါသည်။ လူဦးရေမှာ ကျား(၅၃၈) ယောက်၊ မ(၆၃၂)ယောက်၊ လူဦးရေစုစုပေါင်း(၁၁၇၀)ယောက်ရှိပါသည်။ နံ့သာကုန်းကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ (၈၀၀)ယောက်ရှိပါသည်။ နံ့သာကုန်းကျေးရွာ၏ ရွာသူ/ရွာသားများ အဓိက အသက်မွေး၀မ်းကျောင်းလုပ်ငန်းမှာ ယက္ကန်းလုပ်ငန်း ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများလဲ လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ (၅၈)ဦး ရှိပါသည်။ မိုးနွေစပါးသီးတပ် စိုက်ပျိုးမြေ (၅၈)ဧကကိုလည်း စိုက်ပျိုးလုပ်ကိုင်ပါသည်။ ဥယျာဉ်၊ ခြံ၊ ကိုင်း၊ ကျွန်း၊ ယာမြေများ မရှိ၍ လုပ်ကိုင်ဆောင်ရွက်မှုများ မရှိပါ။ မိုးရာသီတွင် ရွှေဘိုပေါ်ဆန်း၊ စပါးကို အဓိကစိုက်ပျိုး၍ နွေရာသီတွင် စပါးများအပြင် နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲများလည်း စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ မိုးစပါးများကို ဝါဆိုလတွင် ပျိုးထောင်၍ ဝါခေါင်လမှ စတင်စိုက်ပျိုးကြပါသည်။

ရိတ်သိမ်းသည့် ကာလမှာ ပြာသို၊ တပိုတွဲလများတွင် သီးနှံများ ရိတ်သိမ်းကြပါသည်။ ၎င်းနောက် တပိုတွဲလတွင် ကုလားပဲသီးနှံများ ကျဲပတ်၍ တခူး၊ ကဆုန်လများ ၎င်းသီးနှံများကို ရိတ်သိမ်းကြပါသည်။ နွေစပါးများကို တခူးလတွင် မျိုးစေ့ချ၍ ဝါခေါင်လတွင် ရိတ်သိမ်းကြပါသည်။ မိုးစပါး ဖြစ်သော ရွှေဘိုပေါ်ဆန်းစပါးမှာ တစ်ဧကလျှင် (၅၀-၆၅)တင်းထွက်၍ ဆောင်းသီးနှံ ကုလားပဲမှာ တစ်ဧက(၁၀-၁၂)တင်းကြား ထွက်ရှိ၍ နွေစပါးတစ်ဧက (၇၀-၈၀) တင်း အသီးသီး ထွက်ရှိပါသည်။ လယ်ယာသုံး စက်ကိရိယာများကို အများအားဖြင့် အငှားစက်ယာဉ်များဖြစ်သော ထွန်စက်ကြီး၊ ရိတ်သိမ်းခြေလှေ့စက်များကိုသာ ငှားရမ်းသုံးစွဲကြပါသည်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသော တောင်သူများဖြစ်ပါသောကြောင့် စက်ပစ္စည်းများကို ငှားရမ်းခြင်းသာ ပြုလုပ်ကြပါသည်။ လယ်ယာမြေများမှာ အများအားဖြင့် သဲဆန်သော မြေများဖြစ်သောကြောင့် မြေအမျိုးအစားအနေဖြင့် အသင့်တင့်သာ ကောင်းမွန်သော မြေများဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးကြသော တောင်သူဦးကြီး အနေဖြင့် လိုအပ်သော ဆည်ရေရရှိနှင်မှု၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်မှု၊ ထွန်ယက်စိုက်ပျိုးနိုင်ရန် စက်ပစ္စည်းကိရိယာများ လိုအပ်မှု၊ လုပ်သားအင်အား လိုအပ်မှု၊ ကောင်းမွန်သော နည်းပညာများ လည်းလိုအပ်ပါသည်။ ရာသီဥတုကောင်းမွန်လျှင် စိုက်ပျိုးထားသော သီးနှံများ ဖြစ်ထွန်း၍ အထွက်နှုန်း တိုးနိုင်သော အခြေအနေများလဲ ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။ ယခုနှစ် နှောင်းပိုင်းကာလများ၌ ရာသီဥတုဖောက်ပြန်ခြင်း ဒါဏ်ကို ခံရ၍ သီးနှံများ ပျက်ဆီးမှု၊ ပိုးမွှားအန္တရာယ်များ တိုက်ဖျက်နေရပါသောကြောင့် အဟန့်အတားနှင့် စိန်ခေါ်မှုများလည်း တောင်သူဦးကြီးများ ရင်ဆိုင်နေရပါသည်။

(ခ) မွေးမြူရေး

နံ့သာကုန်းကျေးရွာအနေဖြင့် မြေနေရာများ ကျယ်ပြန့်မှု မရှိပါသောကြောင့် တိရစ္ဆာန်များ မွေးမြူခြင်းကို မပြုလုပ်ကြပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

နံ့သာကုန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများမှာ စက်ယက္ကန်းနှင့် လက်ယက္ကန်း၊ ပန်းရံ၊ လက်သမား၊ ကောက်စိုက်နှင့် ပျိုးနှုတ်ခြင်းလုပ်ငန်း၊ ချည်ဆေး ဆိုးလုပ်ငန်းတို့ ဖြစ်ကြပါသည်။ အလုပ်အကိုင်များ အနေဖြင့် ဝင်ငွေရလုပ်ငန်းများ သင့်တင့်စွာ ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ အနေဖြင့် ဝင်ငွေရရှိမှု ပမာဏမှာ လုပ်ငန်းအမျိုးအစား များပေါ်မူတည်၍ ရရှိသော ဝင်ငွေကို သတ်မှတ်ရပါသည်။ အသက်မွေးဝမ်းကျောင်းအတက်ပညာ အနေဖြင့် အဓိက ပညာရပ်မှာ ယက္ကန်းပညာတက်မြောက်၍

ယက္ကန်းလုပ်ငန်းများကိုသာ အဓိက ထားလုပ်ကိုင်ကြပါသည်။ ကျေးရွာနေပြည်သူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်း မရှိကြသူများသည် ယက္ကန်းပညာကို လုပ်ငန်းရှင်ကြီးများထံ၌ နေ့စား၊ အငှားလုပ်ကိုင်၍ စားဝတ်နေရေးအတွက် လုပ်ကိုင်ကြပါသည်။ ဝင်ငွေများလည်း အသင့်အတင့်သာရရှိပါသည်။ ကောက်စိုက်ပျိုးနုတ်လုပ်ကိုင် ကြသူများမှာ နေ့စားလုပ်အားခများအနေဖြင့် အများဆုံးဝင်ငွေမှာ (၆၀၀၀-၇၀၀၀)ကျပ်နှင့် အနည်းဆုံး ဝင်ငွေများမှာ (၄၀၀၀-၅၀၀၀)ကျပ်ကြား အသီးသီးရရှိကြပါသည်။ လုပ်ငန်းလုပ်ကိုင်ရာ တွင် အမျိုးသားများမှာ ဝင်ငွေပိုမိုရရှိကြ၍ အမျိုးသမီးများမှာ အမျိုးသားများလောက် ဝင်ငွေမရရှိ ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

နံ့သာကုန်းကျေးရွာသည် အဓိကစီးပွားရေးလုပ်ငန်းမှာ ယက္ကန်းလုပ်ငန်းဖြစ်၍ လူမျိုးဘာသာ မရွေး၊ ကျား၊ မ မရွေး ၊ ရာသီဥတုမရွေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အထည်များကို ထုတ်လုပ် ရောင်းချကြပါသည်။ အနီးစပ်ဆုံးသွားလာရ အဆင်ပြေသော မြို့မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ မိမိဒေသမှ ထွက်ကုန်များလည်း စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

နံ့သာကုန်းကျေးရွာတွင် စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ချေးငွေလုပ်ငန်းကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးယူပြီး၊ ယက္ကန်းလုပ်ငန်းများအတွက် အသေးစားပုဂ္ဂလိက ငွေစု၊ ငွေချေးအဖွဲ့ များချေးယူ၍ လုပ်ကိုင်ကြရပါသည်။ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် ငွေကျပ် (၁၅၀၀၀၀/-)နှုန်း ထုတ်ချေး၍ အတိုးနှုန်းမှာလည်း သက်သာသော အတိုးဖြစ်ပါသည်။ ချေးငွေ ပြန်လည်ပေးဆပ်ရမည့် ကာလမှာ ကာလတိုချေးငွေ အမျိုးအစားဖြစ်၍ သီးနှံများပေါ်ခိုန်တွင် ပြန်လည် ပေးဆပ်ကြရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး၍ ယက္ကန်းလုပ်ငန်းများအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေး ဆောင်ရွက်သော လုပ်ငန်းများ ထုတ်ချေးမှုများ ဆောင်ရွက်လုပ်ကိုင်ကြရပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာနေပြည်သူများအနေဖြင့် သွားလာရလွယ်ကူချောမွေ့စေရန် အနှေးယာဉ်များ ဖြစ်သော ဆိုင်ကယ်များကိုသာ အဓိကထား အသုံးပြုကြပါသည်။ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်

ရေးများ ဆောင်ရွက်ရာတွင် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ မော်တော်ကားများကို အသုံးပြု ကြရပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများသာ ဖြစ်၍ မိုးရာသီများတွင် သွားလာရ အခက် အခဲများရှိပါသည်။ ကျေးရွာအဝင်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းများမှာ ကျောက်ခဲလမ်းများ ဖြစ်၍ သွားလာရလွယ်ကူ အဆင်ပြေသော လမ်းများ ဖြစ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

နံ့သာကုန်းကျေးရွာတွင် နိုင်ငံတော်မှ ပေးသော လျှပ်စစ်ဓါတ်အားများ ရယူသုံးစွဲကြပါသည်။ လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စုများမှာ (၁၆၇)ဦး ရယူသုံးစွဲ၍ ကျန်အိမ်ထောင်စုများမှာ ဆိုလာများဖြင့် သုံးစွဲကြသည်ကို တွေ့ရပါသည်။ သုံးစွဲရရှိသော လျှပ်စစ်များမှ စက်ယက္ကန်းလုပ်ငန်း ကို အဓိကထား လုပ်ကိုင်ကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နံ့သာကုန်းကျေးရွာတွင် ဖုန်းသုံးစွဲသူဦးရေမှာ လူဦးရေ၏ (၅၀) ရာခိုင်နှုန်းမျှ သုံစွဲ၍ TV နှင့် ဂြိုလ်တုစလောင်း သုံးစွဲသူဦးရေများ အိမ်ထောင်စုများ၏ (၆၅)ရာခိုင်နှုန်းမျှ သုံးစွဲကြပါသည်။ ၎င်းတို့သုံးစွဲမှုမှ ဖုန်းသုံးစွဲသူများသည် တိကျမှန်ကန်နိုင်သော သတင်းများနှင့် လွယ်ကူသော အဆက်အသွယ်များ ရရှိ၍ TV နှင့် ဂြိုလ်တုစလောင်းများမှလည်း ရာသီဥတုအခြေအနေများ၊ နိုင်ငံတော်မှ ထုတ်ပြန်ကြေငြာသော သတင်းအချက်အလက်များ ရရှိပါသည်။

(c) ပညာရေး

နံ့သာကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ထိုကျောင်း တွင် အလျား ၉၀'၊ အနံ ၃၀'၊ အမြင့် ၁၂' ရှိ ကျောင်းဆောင် တစ်ဆောင်နှင့် အလျား ၅၄'၊ အနံ ၃၀'၊ အမြင့် ၁၂' ရှိ ကျောင်းဆောင် တစ်ဆောင် ရှိပါသည်။ အလျား ၉၀'၊ အနံ ၃၀'၊ အမြင့် ၁၂' ရှိ ကျောင်းဆောင်မှာ အမိုး(သွပ်)၊ အကာ (အုတ်)၊ အခင်း (ကွန်ကရစ်)ဖြစ်၍ အလျား ၅၄'၊ အနံ ၃၀'၊ အမြင့် ၁၂' ရှိ ကျောင်းဆောင်အခြေအနေမှာ အမိုး(သွပ်)၊ အကာ (ထရံ)ဖြစ်ပါသည်။ သွပ်မိုး၊ ကပ်ကာ အဆောက်အဦးမှာ မကောင်းတော့ပါကြောင်းလည်း တွေ့ရှိရပါသည်။ ကျောင်း၀န်း၏ အကျယ်မှာ အရှေ့မှ အနောက် ၃၀၄ ပေ နှင့် တောင်မှ မြောက် ၃၅၀ ပေ ကျယ်၀န်းပါသည်။ ကျောင်းဆောင်များ ၏ ဧရိယာမှာ ၂၀၄ စတုရန်းပေ ရှိပါသည်။ ကျောင်းဆရာနှင့် ကျောင်းသားဦးရေအချိုးမှာ ၃၀:၁ ဖြစ်ပါသည်။ လုံလောက်မှု ရှိပါသည်။ စာမတက်သူဦးရေမှာ (၁)ဦးမျှသာ ရှိပါသည်။ စာမတတ်သူ ဦးရေ၏ အသက်အရွယ် (၄၀) ၀န်းကျင်သာရှိပါသည်။

ဘွဲ့ရရှိသူဦးရေမှာ ကျား (၁၆)ယောက်နှင့် မ (၁၅)ယောက်မျှသာ ရှိပါသည်။ အတန်းပညာပြီးမြောက်သူနည်းပါး၍ ဘွဲ့ရရှိသူဦးရေမှာ နည်းပါး ပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာ တည်ရှိ၍ အလယ်တန်းနှင့် အထက်တန်း ကျောင်းများကို ကျေးရွာအနီးရှိ ဆိပ်ခွန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက် ၍ ပညာသင်ကြားကြရပါသည်။ နံ့သာကုန်းကျေးရွာ အ.မ.က ကျောင်းတွင် ကျောင်းအကျိုးဆောင် ကော်မတီရှိပါသည်။ ကျောင်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုရှိပါသည်။ ကျောင်းအသုံးဆောင် ပစ္စည်းများ လုံလောက်မှုတော့ မရှိပါ။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

နံ့သာကုန်းကျေးရွာတွင် နှစ်စဉ်ဖြစ်ပွားတက်သော ရောဂါအမျိုးအစားမှာ ရာသီတုပ်ကွေး ရောဂါများ ဖြစ်ပွားတက်ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူလျှင် ကျေးရွာအနီးရှိ ဆိပ်ခွန်တိုက်နယ်ဆေးရုံသို့ သွားရောက် ကုသမှု ခံယူရပါသည်။ သွားရောက်ကုသရသည့် ဆေးခန်းမှာ (၅)ဖာလုံခန့်သာ ဝေးကွာ ပါသည်။ ကျန်းမာရေးအသိပညာရရှိမှုမှာ အသင့်အတင့်မျှသာ ရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေများကို မိမိတို့ အိမ်ခြံဝန်းများထဲမှ တူးဖော်ထားသော အဝီစိတွင်းများမှ ရရှိ ကြပါသည်။ ထို့ကြောင့် သောက်သုံးရေရှားပါးမှု မရှိပါ။ ကျေးရွာတွင် ကိုယ်ပိုင်ရေတွင်းများ အိမ်တိုင်း အိမ်တိုင်း ရှိကြပါသည်။ သောက်သုံးရေများကို အခြားနေရာများမှလည်း ရယူသုံးစွဲလျက်ရှိပါသည်။ ထိုနေရာများမှ ဆည်ရေများကို ရယူ၍ ကန်များ၌ သိုလှောင်ထားသော ရေများကိုလဲ ရယူသုံးစွဲကြ ရပါသည်။ ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု(၂၆၃)စုရှိ၍ တွဲသုံးသူ (၁၁)စု၊ အိမ်သာမရှိသော အိမ်ထောင်စု (၆)စု ရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများသည် ကျေးရွာပြင်ပရှိ လယ်ကွက် များသို့ သွားရောက်၍ မစင်စွန့်ကြပါသည်။

(ဂ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နံ့သာကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုရှိခဲ့ပါသည်။ ပျက်စီးဆုံးရှုံးမှု လဲရှိပါသည်။ ရေကြီးမှု မရှိသောကြောင့် မြေဆီနှင့် မြေဩဇာများ ပျက်စီးမှု မရှိပါ။ သဘာဝ ဘေးအန္တရာယ်တွေ့ကြုံခဲ့ရသော ခုနှစ်မှာ ၂၀၀၄ ခုနှစ်ဖြစ်ပါသည်။ ထိုအချိန်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အိမ်အမိုးအကာများ လေထဲလွင့်ပါ၍ ပျက်စီးမှုများ ဖြစ်ခဲ့ပါသည်။ သဘာဝ

ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထူးခြားသော ဆောင်ရွက်မှုများမရှိပါ။

၉။ ကျား/မ ရေးရာကိစ္စများ

နံ့သာကုန်းကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများမှာ ယက္ကန်းလုပ်ငန်း တစ်ခုတည်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေး၊ နာရေးကိစ္စများတွင် အမျိုးသားများမှ ဦးစီးဆောင်ရွက်ကြ၍ အမျိုးသမီးများမှလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ အုပ်ချုပ်မှု ကဏ္ဍများတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှု မရှိပါ။ ကျေးရွာ၏ စီမံဆောင်ရွက်ကြရသော ကိစ္စများတွင် အမျိုးသမီးများ ဦးစီးဦးဆောင် ဆောင်ရွက်မှု မရှိပါ။ သို့သော် ပါဝင်ကူညီမှုများ လုပ်ကိုင်ကြရပါသည်။

၁၀။ လူငယ်ဖွံ့ဖြိုးရေး

နံ့သာကုန်းကျေးရွာတွင် လူငယ်များသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသော ကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ ထိုလုပ်ငန်းများမှာ ဘာသာရေး၊ လူမှုရေး၊ ကျေးရွာတွင်းသန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေး စသည့်လုပ်ငန်းများတွင် လူငယ်များပါဝင်သည်ကို တွေ့ရပါသည်။

ဆိပ်ခွန်အုပ်စု၊နံ့သာကုန်းကျေးရွာ ၊သယံဇာတမြေပုံ


နံ့သာကုန်းကျေးရွာ၏ သယံဇာတပြ မြေပုံ
ဒေါ်လှဖြူဦးဆောင်လမ်း
ကုန်းတောင်
ကုန်းတောင်
ကုန်းတောင်

၁၁။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာအုပ်စု၊ နံ့သာကုန်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁။	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းခင်းခြင်း	၁
၂။	အခြေခံအဆောက်အဦ	ကျေးရွာတွင်း အုတ်စီရေဆိုးမြောင်းတူးဖော်ခြင်း	၂
၃။	ရေပေးရေး	စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း	၃
၄။	ပတ်ဝန်းကျင်ထိန်းသိမ်းရေး	အမှိုက်စွန့်ပစ်မြေနေရာ ရရှိရန် ဆောင်ရွက်ခြင်း	၄
၅။	လူငယ်ဖွံ့ဖြိုးရေး	လူမှုကူညီရေး	၅
၆။	ရေပေးရေး	အောင်မင်္ဂလာကန်ပြန်လည်တူးဖော်ခြင်း	၆
၇။	လူငယ်ဖွံ့ဖြိုးရေး	စာကြည့်တိုက်တည်ဆောက်ခြင်း	၇
၈။	မီးလင်းရေး	200KVA ထရန်စဖော်မာအသစ်တစ်လုံးတပ်ဆင်ခြင်း	၈

ရွှေဘိုမြို့နယ်၊ နံ့သာကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁။	မိုးရာသီတွင် ကျောင်းသားများ ဆိပ်ခွန်ရွာသို့ သွားရောက်ပညာသင်ကြားရန်နှင့် သီးနှံထွက်ကုန်များသယ်ယူရာတွင် ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	ငွေကြေးအနည်းငယ် ထည့်ဝင်နိုင်ခြင်း လုပ်အားပါဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်းနှင့်နည်းပညာလိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	ကျေးရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း
၂။	မိုးရာသီတွင် အမှိုက်များဖြင့် ရေမြောင်းများ ပိတ်ဆို့ရေလျှံသဖြင့်လမ်းများပျက်စီးခြင်း၊ ရေဆိုးမြောင်းမရှိသည့်နေရာတွင် ရေထုတ်ရန် ခက်ခဲခြင်း	မြေသားမြောင်းများ ဖြစ်နေခြင်း	လုပ်အားနှင့် ငွေကြေး အနည်းငယ်ပါဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	ကျေးရွာတွင်း အုတ်စီရေဆိုးမြောင်းတူးဖော်ခြင်း
၃။	သန့်ရှင်းသောသောက်သုံးရေကို ဝယ်ယူသုံးစွဲနေရခြင်း	အများသုံးစက်ရေတွင်းမရှိခြင်း၊ ရေသန့်စက်မရှိခြင်း	လုပ်အားနှင့် ငွေကြေး အနည်းငယ်ပါဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေသန့်စက်တပ်ဆင်ခြင်း
၄။	ကျေးရွာလယ်ကွင်းများဘေးတွင် စွန့်ပစ်အမှိုက်များ မီးရှို့နေရခြင်း လူနေအိမ်နှင့်နီးသဖြင့် ကျန်းမာရေးနှင့်မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း	စွန့်ပစ်ရန်မြေနေရာ ခက်ခဲခြင်း	ငွေကြေးအနည်းငယ် ထည့်ဝင်နိုင်ခြင်း လုပ်အားပါဝင်နိုင်ခြင်း	ငွေကြေးလိုအပ်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှဦးဆောင်ပြီးကျေးရွာမှ ထည့်ဝင်ငွေများ ကောက်ခံ၍ မြေနေရာဝယ်ယူရေးဆောင်ရွက်သွားရန်	အမှိုက်များစွန့်ပစ်ရန်အတွက် မြေနေရာရရှိရန် ဆောင်ရွက်ခြင်း

ရွှေဘိုမြို့နယ်၊ နံ့သာကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၅။	ကျန်းမာရေးကိစ္စများတွင် မြို့ဆေးရုံဆေးခန်းများသို့ သွားလာရန်ခက်ခဲခြင်း	လူမှုကူညီရေးယာဉ် မရှိခြင်း၊ ယာဉ်ပိုင်ဆိုင် သည့်အိမ်ထောင်စု နည်းပါးခြင်း	ပရဟိတအသင်းအဖွဲ့ ရှိခြင်း	ငွေကြေးလိုအပ်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိ ရပ်ဖများမှဦးဆောင်ပြီးကျေးရွာမှ ထည့်ဝင်ငွေများ ကောက်ခံ၍ လူမှု ကူညီရေးယာဉ်ဝယ်ယူရေး ဆောင်ရွက်ခြင်း	လူမှုကူညီရေးယာဉ် ရရှိရန် ဆောင်ရွက်ခြင်း
၆။	မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါ က မီးငြိမ်းသတ်ရန် ခက်ခဲခြင်း	ကျေးရွာတွင် တံကင် များသာရှိခြင်း	လုပ်အားပါဝင်ခြင်းနှင့် ကျေးရွာအရံမီးသတ် အဖွဲ့ရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိ ရပ်ဖများမှဦးဆောင်ပြီးကျေးရွာမှ ရန်ပုံငွေ ကောက်ခံရေးနှင့် အောင်မင်္ဂလာကန် ပြန်လည်တူးဖော်ရန် ဆောင်ရွက်ခြင်း	အောင်မင်္ဂလာကန် ပြန်လည် တူးဖော်ခြင်း
၇။	လူငယ်များစာပေလေ့လာရန် အတွက်ခက်ခဲခြင်း	စာကြည့်တိုက်မရှိခြင်း	စာပေလေ့လာလိုသည့် လူငယ်များရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	စာကြည့်တိုက်တည်ဆောက်ခြင်း
၈။	စက်ယက္ကန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မီးအားမလုံလောက်ခြင်း	100KVA ထရန်စဖော်မာ (၁)လုံးသာရှိခြင်း	ငွေကြေးအနည်းငယ် ထည့်ဝင်နိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း၊ နည်းပညာလိုအပ် ချက်ရှိခြင်း	သက်ဆိုင်ရာလျှပ်စစ်ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	200KVA ထရန်စဖော်မာ အသစ်(၁)လုံးတပ်ဆင်ခြင်း

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁၄	၂၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၆	၄၈	၈၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၉	၃၉	၈၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၀	၄၇	၁၀၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၈	၄၄၂	၈၀၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၉	၄၂	၇၁
စုစုပေါင်း		**၅၃၈**	**၆၃၂**	**၁၁၇၀**
စုစုပေါင်း အိမ်ထောင်စု		**၂၈၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။နံသာကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၈၀)စု၊ လူဦးရေ(၁၁၇၀)ဦး နေထိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၈	၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း(ယက္ကန်း)				
၆	ကိုယ်ပိုင် လုပ်ငန်း	၂၂၉	၃၈၄	၆	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၃	၁၈	၃	မြင့် ☐ လတ်☐ နိမ့် ☐
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း	၇	၈		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁၆	မြင့် ☐ လတ်☑ နိမ့် ☐
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☑ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☑ နိမ့် ☐
	လက်လီ– လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း	၁၆	၂၀	၉	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၂	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆	၁၂	၇	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၈၀	၄၅၄	၄၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ယက္ကန်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင် ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုင်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုင်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း(ယက္ကန်း)	နေ့စား	၄၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးတွင် နေ့စားလုပ်ကိုင်သောသူများ၏ ဝင်ငွေမှာ ကျား အများဆုံး (၇၀၀၀)ကျပ်နှင့် အနည်းဆုံးဝင်ငွေမှာ (၅၀၀၀)ကျပ်ရရှိပြီး ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေမှာ (ယက္ကန်း)ကျား မတန်းတူ ရရှိငွေ (၄၀၀၀)ကျပ် အသီးသီးရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးတွင် ဆည်မြောင်းရေကိုသာ အဓိကထားစိုက်ပျိုးကြသည်။ လယ်ဧကပေါင်း(၅၈)ဧကဖြစ်ပြီး မြေလွတ်မြေလပ် မရှိပါ။ စားကျက်မြေဟူ၍ သီးသန့်မရှိပါ။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☑	နည်း ☐	မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☑	မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သဘာဝတိရစ္ဆာန် နှင့် အပင်မျိုးစိတ်များအား သဘာဝအတိုင်းတွေ့ရှိနိုင်မှု နည်းပါးသည်ကိုတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၃၆	၂၂၀	၁၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စုများမှာ တောင်သူလုပ်ကိုင်သူနှင့် စက်ယက္ကန်း၊လက်ယက္ကန်း လုပ်ကိုင်သူများဖြစ်ပြီး မပြေလည်သောအိမ်ထောင်စုများသည် အချို့ လက်ယက္ကန်း၊ကုန်ထုတ်လုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်သူများ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၇ လုပ်အားခကြိုယူ = ၈

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၆ လုပ်အားခကြိုယူ = ၁၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၉ လုပ်အားခကြိုယူ = ၁၀

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှု ဇယားတွင် ဥစ္စာဓန အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀% တွင် အိမ်ထောင်စု ၇၀ ရှိပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှု ကို ငွေချေးယူခြင်းဖြင့် မ ပြေလည်မှု ဖြေရှင်းကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၇		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၇)စု ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းဖြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်နိုင်သည့် အနေအထားသည် သာမန်အားဖြင့် ရာသီဥတု ပြောင်းလဲခြင်းကြောင့် လက်လုပ်လက်စားများ၊ကျပန်းများအနေဖြင့် လူမှု စီးပွားရေးအနေအထားကြောင့် ထိခိုက်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးကော်မတီ	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လမ်း ကော်မတီ	၁☑ ၂☐ ၃☐	၁၂	၂	၁၄	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ကျောင်း ကော်မတီ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လူမှုကူညီ ရေး	၁☐ ၂☑ ၃☐	၁၁		၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ပန်းရေလဲအ သင်း	၁☐ ၂☑ ၃☐		၁၈	၁၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	သန့်ရှင်းရေး အဖွဲ့	၁☐ ၂☑ ၃☐	၃၀	၅	၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၅	၅	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑	ကောင်း ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	သင့် ☑ ညံ့ ☐
၈	နံ့သာလူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၃၅		၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၉	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐		၂၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၁၀	အရံမီးသတ်တပ်ဖွဲ့	၁☐ ၂☑ ၃☐	၉		၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၁၁	ယောဂီအဖွဲ့	၁☐ ၂☑ ၃☐		၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်း ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊ လမ်းကော်မတီ၊ မီးကော်မတီ၊ လူမှုကူညီရေးအဖွဲ့၊ ယောဂီအသင်းအဖွဲ့၊ သန့်ရှင်းရေးအဖွဲ့၊ စသည့်အဖွဲ့(၁၁)ဖွဲ့ ရှိပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး စသည့်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စီ ထွဏ်သုခ	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	မြကျွန်းသာ	၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	Pact Myanmar	၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၄	Korea	၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၅	Mahar	၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၆	Tu Tu finance	၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်းကျေးရွာတွင် Pact Myanmar၊ မြတ်ကျွန်းသာ၊ စိတ္တသုခ၊ korea Fund၊ Mahar၊ Tu Tu စသည့် အစိုးရမဟုတ်သော ငွေစုငွေချေး လုပ်ငန်းအဖွဲ့များ ရှိပါသည်။ အသင်းသား သေဆုံးလျှင် ချေးယူထားသော ချေးငွေများကို လျှော်ပေးသည့်အချက်မှာ ကုမ္ပဏီအားလုံး တူညီကြပါသည်။ Pact Myanmar နှင့် မြတ်ကျွန်းသာတို့သည် အသင်းသားမွေးဖွားလျှင် ထောက်ပံ့ကြေး ပေးပါသည်။ Pact Myanmar သည် အတိုးမဲ့မဟုတ်သော်လည်း ပညာရေးနှင့် ကျန်းမာရေးကိစ္စများတွင်လည်း ချေးငွေများ ချေးပေး သည်။ ကုမ္ပဏီအားလုံး အတိုးမှာ ၂.၃၃% ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း (၆)ဖွဲ့ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၈၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်းကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂ဧက-၅ဧက ကြား တောင်သူ(၇)ဦး၊ ၅ဧကအထက် တောင်သူ (၅)ဦးသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၅၈	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□ မရှိ☑ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်းကျေးရွာတွင် လယ်မြေဧကပေါင်း(၅၈)ဧကရှိပြီး ဆည်မှ ပေးဝေသော ရေကို ရေမြောင်းမှတဆင့် ရာသီအလိုက် သွင်းယူရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၆၉	တင်း	၅၀	၇၀	၆၀	ဩဂုတ်	ဒီဇင်ဘာ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ☑နိမ့်□
နှမ်း	၇	တင်း	၄	၁၂	၈	ဧပြီ	ဇူလိုင်	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑နိမ့်□
ပဲတီစိမ်း	၅	တင်း	၈	၁၅	၁၂	ဧပြီ	ဇူလိုင်	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နံ့သာကုန်းကျေးရွာတွင် လယ်ဧက(၆၉)ဧကရှိပြီး မိုးရာသီတွင် စပါးစိုက်ကာ၊ နွေရာသီတွင် ပဲ၊ နှမ်း စသည့် နွေသီးနှံများကို စိုက်ပျိုးကြပါသည်။ မိုးစပါးအထွက်နှုန်းမှာ အနည်းဆုံး (၅၀)တင်းမှ

အများဆုံး (၇၀)တင်းအထိလည်းကောင်း၊ နွေသီးနှံအထွက်နှုန်းမှာ ပဲ အနည်းဆုံး (၈)တင်းမှ အများဆုံး (၁၅)တင်း ထွက်ရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၈			
လက်တွန်းထွန်စက်	၃			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁			၆
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။နံ့သာကုန်းကျေးရွာတွင် ထွန်စက်(၈)စီး၊ လက်တွန်းထွန်စက်(၃)စီး၊ ရေစုပ်စက်(၁)လုံး ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

